KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

**နောက်ဆုံးရဒေသတွင်းသတင်းတို**

ဩဂုတ်လ ၁၅ရက်, ၂၀၂၃ခုနှစ် / KHRG စာအမှတ် - 23-241-D1

# တောအူးခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို - ဒေါ်ဖားခိုမြို့နယ်တွင်ဖြစ်ပွားခဲ့သည့် လေကြောင်းပစ်ခတ်မှု၊ နေရပ်ရွှေ့ပြောင်းခံရမှုနှင့် အရပ်သားအိုးအိမ်ပိုင်ဆိုင်မှုများပျက်စီးခြင်း (၂၀၂၃ခုနှစ်၊ ဇူလိုင်လ)

*ဤနောက်ဆုံးရဒေသတွင်းသတင်းတိုတွင် ၂၀၂၃ခုနှစ်၊ ဇူလိုင်လအတွင်း တောအူး (တောင်ငူ)ခရိုင်၊ ဒေါ်ဖားခို (သံတောင်ကြီး)မြို့နယ်တွင် ဖြစ်ပွားခဲ့သည့်အဖြစ်အပျက်များကို ဖော်ပြထားသည်။ ၂၀၂၃ခုနှစ်၊ ဇူလိုင်လတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) မှ ဒေါ်ဖားခိုမြို့နယ်၊ ထီးသာစောကျေးရွာအုပ်စုရှိ ကျေးရွာနှစ်ရွာတွင် လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုကြောင့် အနည်းဆုံး လူနေအိမ်ခြောက်လုံး၊ ဘာသာရေးအဆောက်အဦးနှစ်လုံးနှင့် စပါးကျီတစ်လုံးပျက်စီးခဲ့သည်။ ထီးသာစောကျေးရွာအုပ်စုတွင် နေထိုင်ကြသည့်ရွာသားများနှစ်ထောင်ကျော်သည် အသက်လုံခြုံရေးအတွက် ၎င်းတို့ရွာမှ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ အဆိုပါတိမ်းရှောင်နေရသည့်ရွာသားများအတွက် စားစရာများ၊ နေရာထိုင်ခင်းများနှင့် ဆေးဝါးပစ္စည်းများ အရေးပေါ်လိုအပ်နေပါသည်။ [1]*

## က---ရွာတွင်ဖြစ်ပွားခဲ့သည့်လေကြောင်းပစ်ခတ်မှု

၂၀၂၃ခုနှစ်၊ ဇူလိုင်လ ၁၈ရက်နေ့ မနက် (၁၀)နာရီဝန်းကျင်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ဂျက်လေယာဉ်နှစ်စီးသည် ဒေါ်ဖားခိုမြို့နယ်၊ ထီးသာစောကျေးရွာအုပ်စု၊ က---ကျေးရွာတွင် လေကြောင်းတိုက်ခိုက်မှု နှစ်ကြိမ်ပစ်ခတ်ခဲ့သည်။ ဤလေကြောင်းပစ်ခတ်မှုတွင် အရပ်သားနေအိမ်လေးလုံးနှင့် ဘုရားကျောင်းတစ်ကျောင်း ထိခိုက်ပျက်စီးခဲ့သည်။ က---ရွာတွင် ခန့်မှန်းချေ အိမ်ခြေပေါင်း (၁၂၀)ခန့်ရှိသည်။ လေကြောင်းပစ်ခတ်မှုကြောင့် ရွာသားများထိခိုက်ဒဏ်ရာရခြင်းနှင့်သေဆုံးခြင်းများ မရှိခဲ့ပေ။ အကြောင်းမှာ လေကြောင်းပစ်ခတ်မှုဖြစ်ပွားနေစဉ်အတွင်း ရွာသားများသည် ၎င်းတို့ရွာမှ ထွက်ပြေးတိမ်းရှောင်နေခဲ့ခြင်းဖြစ်သည်။ ထီးသာစောကျေးရွာအုပ်စုတွင်းရှိ က---ရွာနှင့် နီးစပ်ရာကျေးရွာများတွင် နေထိုင်ကြသည့်ရွာသားများနှစ်ထောင်ကျော်သည် SAC ၏လေကြောင်းပစ်ခတ်မှုကို ကြောက်ရွံ့သော

[1] ဤအစီရင်ခံစာသည် ၂၀၂၃ခုနှစ်၊ ဇူလိုင်လတွင် ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG ဝန်ထမ်းတစ်ဦးမှ ရယူခဲ့သောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ချိုးဖောက်ခံရသူများ၏ အမည်၊ ဓာတ်ပုံ နှင့် နေရပ်လိပ်စာအတိအကျအား လုံခြုံရေးအရတည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသောအချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်းဖြစ်သည်။

ကြောင့် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ တစ်ချို့ရွာသားများသည် ဒေါ်ဖားခိုမြို့နယ်၊ သောက်ရေခပ်ဒေသသို့ တိမ်းရှောင်ခဲ့ပြီး တစ်ချို့သောရွာသားများမှာ တောင်ငူမြို့သို့ တိမ်းရှောင်ခဲ့ရသည်။ ဒေါ်ဖားခိုမြို့နယ်မှ ဒေသခံရွာသားတစ်ဦး၏ပြောပြချက်အရ လေကြောင်းပစ်ခတ်မှုကြောင့် ထွက်ပြေးတိမ်းရှောင်နေစဉ်အတွင်း ကိုယ်ဝန်ဆောင်အမျိုးသမီး လေးဦးသည် ၎င်းတို့၏ရင်သွေးများကို မွေးဖွားခဲ့ရသည်။

**ခ---ကျေးရွာတွင်ဖြစ်ပွားခဲ့သည့်လေကြောင်းပစ်ခတ်မှု**

၂၀၂၃ခုနှစ်၊ ဇူလိုင်လ ၂၂ရက်နေ့တွင် SAC လေယာဉ်နှစ်စီးသည် ဒေါ်ဖားခိုမြို့နယ်၊ ထီးသာစောကျေးရွာအုပ်စု၊ က--- ကျေးရွာတွင် လေကြောင်းတိုက်ခိုက်မှု ရှစ်ကြိမ်ပစ်ခတ်ခဲ့သည်။ ထိုလေကြောင်းပစ်ခတ်မှုကြောင့် ရိုမန်ကတ်သလစ် သီလရှင်ကျောင်းတစ်ကျောင်း၊ ရွာသားများပိုင်ဆိုင်သည့်စပါးကျီတစ်ခုနှင့် လူနေအိမ်နှစ်လုံး ထိခိုက်ပျက်စီးခဲ့သည်။ SAC လေယာဉ်မှ ပစ်ချလိုက်သည့်ဗုံးနှစ်လုံးသည် ရိုမန်ကတ်သလစ်သီလရှင်ကျောင်းတွင်ကျရောက်ပေါက်ကွဲသွား၍ လုံးဝ ပျက်စီးသွားခဲ့သည်။ တဖန် ၂၀၂၃ခုနှစ်၊ ဇူလိုင်လ ၂၃ရက်နေ့ နေ့လယ်နှစ်နာရီဝန်းကျင်တွင် SAC လေယာဉ်သုံးစီးသည် ထီးသာစောကျေးရွာအုပ်စု၊ ခ---ကျေးရွာတွင် လေကြောင်းတိုက်ခိုက်မှု (၁၃)ကြိမ်ထက်မနည်း ပစ်ခတ်ခဲ့သည်။ ဤလေကြောင်းပစ်ခတ်မှုတွင် အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်းနှင့်သေဆုံးခြင်းများ မရှိခဲ့ပေ။ သို့သော်လည်း အရပ်သားများ၏အိုးအိမ်ပိုင်ဆိုင်မှုများ ထိခိုက်ပျက်စီးခဲ့သည်။ ထို့အပြင် လေကြောင်းပစ်ခတ်မှုကြောင့် ရွာသားများပိုင်ဆိုင်သည့် ခွေး၊ ကြက်နှင့်ဘဲအစရှိသည့်တိရိစ္ဆာန်များကို ထိမှန်ပြီးသေဆုံးခြင်းများရှိခဲ့သည်။ ခ---ရွာသည် က---ရွာနှင့် ၁.၅ကီလိုမီတာခန့်သာကွာဝေးသည်။ ထို့ကြောင့် ခ---ရွာသားများသည် ဇူလိုင်လ ၁၈ရက်နေ့တွင် က---ရွာတွင်ဖြစ်ပွားခဲ့သည့် လေကြောင်းပစ်ခတ်မှုကြောင့် ၎င်းတို့ရွာမှ ထွက်ပြေးတိမ်းရှောင်နေခဲ့ပြီးဖြစ်သည်။ လေကြောင်းပစ်ခတ်မှု၏ အန္တရာယ်ကို ကြောက်ရွံ့သောကြောင့် ထီးသာစောကျေးရွာအုပ်စုရှိ ခ---ရွာနှင့်နီးစပ်ရာအခြားသောရွာလေးရွာတွင် နေထိုင်ကြသည့်ရွာသားများသည် အသက်လုံခြုံရေးအတွက် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

**ထွက်ပြေးတိမ်းရှောင်နေသည့်ရွာသားများ၏အခြေအနေ**

၂၀၂၃ခုနှစ်၊ ဩဂုတ်လဝက်အထိ က---ရွာနှင့်ခ---ရွာမှ ထွက်ပြေးတိမ်းရှောင်ရသည့်ရွာသားများသည် ၎င်းတို့ရွာသို့ ပြန်လာနေထိုင်၍မရသေးဘဲ ရှိနေသည်။ အဆိုပါရွာသားများအတွက် စားစရာ၊ နေရာထိုင်ခင်းများနှင့် ဆေးဝါးပစ္စည်းများ အရေးပေါ်လိုအပ်နေပါသည်။ လက်ရှိအခြေအနေတွင် လူထုအခြေပြုအဖွဲ့အစည်း (၃)ဖွဲ့သည် (တောင်ငူမြို့တွင် ထွက်ပြေးတိမ်းရှောင်နေသည့်) ရွာသားများကို ထောက်ပံ့မှုများအနည်းငယ် ကူညီပေးခဲ့သည်။ ထိုလူထုအခြေပြုအဖွဲ့အစည်း (၃)ဖွဲ့မှာ ဒေသခံလူသားချင်းစာနာထောက်ထားမှုအဖွဲ့အစည်း၊ ဘာသာရေးအဖွဲ့အစည်းနှင့် အမျိုးသမီးရေးရာအဖွဲ့အစည်းများဖြစ်ကြသည်။ (လုံခြုံရေးအခြေအနေကြောင့် ထိုအဖွဲ့အစည်းများ၏နာမည်များကို မဖော်ပြပါ။) အဆိုပါအဖွဲ့အစည်းများသည် ရွာသားများအတွက် စားနပ်ရိက္ခာ (ဆန်) နှင့် ငွေကြေးအချို့ ကူညီထောက်ပံ့ခဲ့သည်။ သို့သော်လည်း ဒေါ်ဖားခိုမြို့နယ်မှ ဒေသခံရွာသားတစ်ဦး၏ပြောပြချက်အရ ရွာသားများလက်ခံရရှိသည့် ကူညီထောက်ပံ့မှုသည် ရေရှည်တွင် လုံလောက်မှုရှိမည်မဟုတ်ပါ။ လေကြောင်းပစ်ခတ်မှုပြီးနောက်တွင် SAC သည် လက်နက်များ၊ စစ်အင်အားများနှင့်အတူ က---ရွာနှင့်ခ---ရွာထဲသို့ ဝင်ရောက်လာပြီး ယာယီအခြေစိုက်နေထိုင်ခဲ့သည်။ SAC စစ်သားများသည် ကျေးရွာတွင် အခြေစိုက်နေထိုင်စဉ်အတွင်း ရွာသားများပိုင်ဆိုင်သည့်ဆန်နှင့်ပစ္စည်းများကို လုယူစားသောက်ခဲ့သည်။ ထိုသို့သောအခြေအနေကြောင့် တိမ်းရှောင်နေရသည့်ရွာသားများသည် ၎င်းတို့ရွာသို့ မပြန်လာရဲဘဲရှိနေသည်။



အထက်ပါပုံများကို ၂၀၂၃ခုနှစ်၊ ဇူလိုင်လအတွင်း တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ထီးသာစောကျေးရွာအုပ်စု၊ က---ရွာတွင် ရိုက်ယူခဲ့သည်။ ပုံတွင် ၂၀၂၃ခုနှစ်၊ ဇူလိုင်လ ၁၈ရက်နေ့၌ ဖြစ်ပွားခဲ့သည့် SAC လေကြောင်းပစ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးသွားသောအချို့ရွာသားများ၏အိမ်များကိုဖော်ပြထားသည်။ *(ဓာတ်ပုံ - ဒေသခံရွာသား)*









အထက်ပါပုံများကို ၂၀၂၃ခုနှစ်၊ ဇူလိုင်လအတွင်း တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ထီးသာစောကျေးရွာအုပ်စု၊ ခ---ရွာတွင် ရိုက်ယူခဲ့သည်။ ပုံတွင် ၂၀၂၃ခုနှစ်၊ ဇူလိုင်လ ၂၂ရက်နေ့၌ ဖြစ်ပွားခဲ့သည့် SAC လေကြောင်းပစ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးသွားသော ရိမန်ကတ်သလစ်သီလရှင်ကျောင်းကို ဖော်ပြထားသည်။ *(ဓာတ်ပုံ - ဒေသခံရွာသား)*

ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက်လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် KHRG မှ ဒေသခံရွာသားများကိုလေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှခံစားရသောလူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ KHRG ၏ လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။